# မြန်မာသဒ္ဒါ
## (ဘာသာဗေဒလေ့လာချက်)

ပါရဂူဘွဲ့ (Ph.D) အတွက် တင်သွင်းသောကျမ်း

မောင်ကိုလေး (မဟာဝိဇ္ဇာ)

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၃ ခုနှစ်၊ မတ်လ

## ကျမ်းပြုသူ၏ကိုယ်ရေးအကျဉ်း

| | |
|---|---|
| ကျမ်းပြုသူအမည် | - **မောင်ကိုလေး** |
| မွေးသက္ကရာဇ် | - ၂၉၊ ၁၂၊ ၁၉၆၄ |
| မိဘအမည် | - ဦးညီပုလေး - ဒေါ်ညီမညို |
| ပညာအရည်အချင်း | - ဝိဇ္ဇာ (ဂုဏ်ထူး)၊ မဟာဝိဇ္ဇာ |
| ပါရဂူဘွဲ့အကြိုသင်တန်း | |
| အောင်မြင်သည့်ပညာသင်နှစ် | - ၁၉၉၇-၉၈ |
| ပါရဂူဘွဲ့ကျမ်းခေါင်းစဉ် | - **မြန်မာသဒ္ဒါ (ဘာသာဗေဒလေ့လာချက်)** |
| ပါရဂူဘွဲ့ကျမ်းတင်သွင်းသည့် | |
| ပညာသင်နှစ် | - ၂၀၀၂-၂၀၀၃ |
| ခုံအမှတ် | - မ-၁ |
| ကျမ်းတင်သွင်းသည့်တက္ကသိုလ် | - ရန်ကုန်တက္ကသိုလ် |

## ကျမ်းအနှစ်ချုပ်

ဤကျမ်းသည် မြန်မာသဒ္ဒါကို ဘာသာဗေဒနည်းဖြင့် လေ့လာဖော်ထုတ်သောကျမ်း ဖြစ်ပါသည်။ မြန်မာသဒ္ဒါရှိ အစိတ်အပိုင်းများကို ဝါစဉ်နည်းအရ လေ့လာရာ၌ စကားလုံးအဆင့်အတန်း၊ ပုဒ်အဆင့်အတန်း၊ ဝါကျခွဲအဆင့်အတန်း၊ ဝါကျအဆင့်အတန်းဟူ၍ အဆင့်အတန်း (၄)ခုခွဲထားပါသည်။ ဘာသာစကားရှိ အခြေခံသဒ္ဒါယူနစ်များမှာ ရုပ်ရင်း၊ စကားလုံး၊ ပုဒ်၊ ဝါကျခွဲ၊ ဝါကျ ဟူ၍ (၅)မျိုးရှိရာတွင် ဤကျမ်း၌ သဒ္ဒါ၏ အသေးဆုံးယူနစ်ဖြစ်သော ရုပ်ရင်းကိုမူ လိုအပ်သမျှ အတိုင်းအတာအထိသာ ဖော်ပြ၍ အသေးစိတ်လေ့လာထားခြင်းမရှိပါ။ စကားလုံးအဆင့်အတန်း လေ့လာချက်တွင် မြန်မာစကားရှိ စကားရိုး၊ စကားရော၊ စကားပေါင်းများကိုလည်းကောင်း၊ သဒ္ဒါစကားလုံးအမျိုးအစားများဖြစ်သော နာမ်၊ ကြိယာနှင့် ဝိဘတ်တို့ကိုလည်းကောင်း လေ့လာဖော်ထုတ်ပါသည်။ နာမ်၊ ကြိယာတို့၏ ဖွဲ့စည်းပုံစနစ်များကို စနစ်မျိုးကွဲအလိုက် ပုံစံများနှင့်တကွ ဖော်ထုတ်ထားပါသည်။ ဝိဘတ် များကို လေ့လာဖော်ထုတ်ရာ၌ နာမ်၊ ကြိယာ၊ နာမ်အထူးပြု၊ ကြိယာအထူးပြု၊ အမှီဝါကျခွဲ၊ ဝါကျ တို့ကို သွယ်ရသည့် သဒ္ဒါတာဝန်များကို အခြေခံ၍ အမျိုးအစား ခွဲခြား၍လည်းကောင်း တင်ပြထားပါသည်။ ပုဒ်အဆင့်အတန်းလေ့လာချက်တွင် မြန်မာစကားရှိ နာမ်ပုဒ်နှင့် ကြိယာပုဒ်များကို လေ့လာဖော်ထုတ် ထားပါသည်။ နာမ်ပုဒ်ကို လေ့လာရာ၌ အခြေခံနာမ်ပုဒ်နှင့် တိုးချဲ့နာမ်ပုဒ်များ အကြောင်းကိုလည်းကောင်း၊ ကြိယာပုဒ်ကို လေ့လာရာ၌ အခြေခံကြိယာပုဒ်နှင့် တိုးချဲ့ကြိယာပုဒ်များ အကြောင်းကိုလည်းကောင်း ၎င်းတို့၏ စနစ်များကို ပုံစံများနှင့် ဖော်ထုတ်ထားပါသည်။ ဝါကျခွဲ အဆင့်အတန်း လေ့လာချက်တွင် မြန်မာ စကားရှိ အမှီဝါကျခွဲနှင့် သီးခြား ဝါကျခွဲ တို့ အကြောင်းကို ပုံစံများနှင့်တကွ ဖွဲ့စည်းပုံစနစ်များကို လေ့လာတင်ပြ ထားပါသည်။ ဝါကျအဆင့်အတန်း လေ့လာချက်တွင် မြန်မာစကားရှိ ဝါကျရိုးနှင့် ဝါကျရောတို့၏ ဖွဲ့စည်း ပုံစနစ်နှင့် ယင်းတို့၏ ပုံစံများကို လေ့လာဖော်ထုတ် တင်ပြထားပါသည်။ ထို့ကြောင့် ဤကျမ်းသည် မြန်မာသဒ္ဒါ၏ အခြေခံပိုင်းရှိ သိကောင်းစရာများကို ဘာသာဗေဒနည်း ဖြင့် တတ်နိုင်သလောက် ကြိုးစားဖော်ထုတ်တင်ပြထားခြင်း ဖြစ်ပါသည်။